# SSR နောက်ခံအကြောင်းအရာလက်စွဲ (SSR BACKGROUNDER)

# ထောက်လှမ်းရေးကဏ္ဍကို စောင့်ကြည့်ထိန်းကျောင်းမှု

## (Intelligence Oversight)

ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေး မူဘောင်အတွင်း တာဝန်ခံနိုင်သော ထောက်လှမ်းရေးလုပ်ငန်း ဖြစ်စေရေး

### ယခုစာစဉ်အတွဲများအကြောင်း

SSR နောက်ခံအကြောင်းအရာလက်စွဲများသည် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး (SSG) နှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR) တို့တွင် ပါဝင်သည့် ခေါင်းစဉ်များနှင့် အယူအဆများကို ကျစ်လျစ်ပြည့်စုံသည့် မိတ်ဆက်ရှင်းလင်းမှုများ ပြုလုပ်ပေးပါသည်။ ယခုစာစဉ်အတွဲလိုက်သည် နိုင်ငံတကာအတွေ့အကြုံအတော်များများကို အခြေခံလျှက် ယနေ့ခေတ် ငြင်းခုံဆွေးနွေးမှုများကို အနှစ်ချုပ်ဖော်ပြကာ၊ အဓိကစကားလုံး အသုံးအနှုန်းများကို ရှင်းလင်းဖော်ပြ၍၊ အဓိကအချက်အချာကျသည့် အားပြိုင်မှုများကို မြင်သာအောင်ပြသပေးပါသည်။ SSR နောက်ခံအကြောင်းအရာလက်စွဲများ သည် ကောင်းမွန်သော အုပ်ချုပ်မှုပေးရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေးတို့အတွက် သတ်သတ်မှတ်မှတ်ဖြစ်ပြီးသား စနစ်ပုံစံများ၊ မူဝါဒများ သို့မဟုတ် အကြံပြုချက်များကို ကြော်ငြာပေးခြင်းမဟုတ်ပါပဲ ဖတ်ရှုသူများက ခေါင်းစဉ်တစ်ခုခြင်းစီအပေါ်တွင် ၎င်းတို့၏အသိပညာကို တိုးချဲ့နိုင်ရန် ထပ်မံလေ့လာနိုင်မည့် ဖတ်ရှုစရာအရင်းအမြစ်များကိုသာ စီစဉ်ပေးခြင်းဖြစ်ပါသည်။ SSR နောက်ခံအကြောင်းအရာလက်စွဲများသည် ကောင်းမွန်သော SSG နှင့် SSR ဆိုင်ရာ ယနေ့ခေတ် နည်းလမ်းနည်းနာများကို နားလည်သိရှိနိုင်ရုံသာမက နှိုက်နှိုက်ချွတ်ချွတ် အကဲဖြတ်နိုင်ရန်အတွက်ပါ အားထုတ်နေကြသည့် လုံခြုံရေးဆိုင်ရာကိစ္စ၌ အုပ်ချုပ်မှုပေးရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့တွင် ပါဝင်ပတ်သက်သူများအတွက် အရင်းအမြစ်တစ်ခုပင် ဖြစ်ပေသည်။

### ဤ SSR နောက်ခံအကြောင်းအရာလက်စွဲ အကြောင်း

ဤ SSR နောက်ခံအကြောင်းအရာလက်စွဲသည် ဒီမိုကရေစီနည်းကျ ထိန်းချုပ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းမှုဆိုင်ရာ အခြေခံမူသဘောတရားများကို ထောက်လှမ်းရေးဌာနများအပေါ် မည်သို့အသုံးချကျင့်သုံးနိုင်ကြောင်း ရှင်းပြထားသည်။ ထောက်လှမ်းရေးဌာနများသည် အများပြည်သူအကျိုးအတွက် ဆောင်ရွက်နေချိန်တွင်ပင် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတို့ကို ခြိမ်းခြောက်မှုဖြစ်စေနိုင်သောကြောင့် ထောက်လှမ်းရေးကိစ္စရပ်များကို စောင့်ကြည့်ထိန်းကျောင်းမှုသည် အရေးပါခြင်းဖြစ်သည်။ ဒီမိုကရေစီနည်းကျ ထိန်းချုပ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းမှုစနစ်အားဖြင့် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေးဆိုင်ရာ အခြေခံမှုများကို ကျင့်သုံးခြင်းသည် နိုင်ငံတော်နှင့် ပြည်သူများ အတွက် လုံခြုံရေးကို ဆောင်ရွက်ပေးနေစဉ်တွင် ထောက်လှမ်းရေးဌာနများကို ထိရောက်ပြီး တာဝန်ခံမှုရှိစေမည်ဖြစ်သည်။

### SSR နောက်ခံအကြောင်းအရာလက်စွဲသည် အောက်ပါမေးခွန်းများကို ဖြေဆိုပေးပါသည် --

- ထောက်လှမ်းရေးအပေါ် ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုက အဘယ်ကြောင့် အရေးကြီးသနည်း။ *စာမျက်နှာ ၂*
- ထောက်လှမ်းရေးအပေါ် ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုကို မည်သို့ဆောင်ရွက်သနည်း။ *စာမျက်နှာ ၂*
- ထောက်လှမ်းရေးအပေါ် ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုအတွက် ပုံမှန်စိတ်ခေါ်မှုများကား အဘယ်နည်း။ *စာမျက်နှာ ၅*
- ထောက်လှမ်းရေးကိစ္စအပေါ် ဌာနတွင်းထိန်းချုပ်မှုသည် ကောင်းမွန်သော အုပ်ချုပ်ရေးကို မည်သို့အထောက်အကူပြုသနည်း။ *စာမျက်နှာ ၇*
- ထောက်လှမ်းရေးကိစ္စအပေါ် အစိုးရမဏ္ဍိုင်၏ ထိန်းချုပ်မှုသည် ကောင်းမွန်သော အုပ်ချုပ်ရေးကို မည်သို့အထောက်အကူပြုသနည်း။ *စာမျက်နှာ ၇*
- ထောက်လှမ်းရေးအပေါ် ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုအတွင်း လွှတ်တော်သည် မည်သည့်အခန်းကဏ္ဍမှ ပါဝင်သနည်း။ *စာမျက်နှာ ၇*
- ထောက်လှမ်းရေးအပေါ် ထိန်းချုပ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းမှုတွင် တရားရေးစနစ်သည် မည်သို့ပါဝင်ပတ်သက်သနည်း။ *စာမျက်နှာ ၉*
- ထောက်လှမ်းရေးအပေါ်တွင် အများပြည်သူ၏ စောင့်ကြည့်ထိန်းကျောင်းမှုကို မည်သို့ ကျင့်သုံးနိုင်ပါသနည်း။ *စာမျက်နှာ ၉*

DCAF Geneva Centre for Security Sector Governance

## ထောက်လှမ်းရေးအပေါ် ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုက အဘယ်ကြောင့် အရေးကြီးသနည်း။

**ထောက်လှမ်းရေးဌာနများသည် ၎င်းတို့၏ တရားဝင်လုပ်ပိုင်ခွင့်တာဝန်များကို ဖြည့်ဆည်းပေးခြင်းအတွက် တာဝန်ခံယူမှုရှိသည့်အခါ ၎င်းတို့၏ တရားဝင်မှုနှင့် ၎င်းတို့၏ထိရောက်မှုတို့ကို အားကောင်းလာစေပါသည်။** ကျား-မ တန်းတူညီမျှမှု အပါအဝင် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတို့ကို လေးစားလိုက်နာမှု ရှိစေရန်အတွက် အာဏာအလွဲသုံးစားမှုမှ ကာကွယ်ရန် ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုက အရေးကြီးပါသည်။ ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုသည် ထောက်လှမ်းရေးဌာနများအပေါ် နိုင်ငံရေးအလွဲသုံးစားမှုမှ ကာကွယ်ပေးပြီး ထောက်လှမ်းရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် လုံလောက်ကောင်းမွန်သော အရင်းအမြစ်၊ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုနှင့် ခွဲခြားဆက်ဆံမှုမရှိသော လုပ်ငန်းခွင်နေရာများ ဖန်တီးရန် ကူညီပေးနိုင်ပါသည်။ ဤအကြောင်းများကြောင့် ကောင်းမွန်သော အုပ်ချုပ်ရေးမူများကို ထောက်လှမ်းရေးကဏ္ဍအတွက် ကျင့်သုံးခြင်းကိစ္စသည် ဥပဒေပိုင်း၊ လုပ်ငန်းလည်ပတ်မှုအပိုင်း၊ ငွေကြေးအပိုင်း နှင့် စီမံအုပ်ချုပ်ရေးအပိုင်း စသည့် ကျင့်ထုံးများပါဝင်နေသည့် ထောက်လှမ်းရေးဆိုင်ရာ လုပ်ဆောင်ချက် ရှုထောင့်တိုင်းသည် ဒီမိုကရေစီနည်းကျ ထိန်းချုပ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းမှုအောက်တွင် ရှိရန် လိုအပ်ပါသည်။ ပုံ ၁ သည် ထောက်လှမ်းရေး စစ်ဆင်ရေးတစ်ခု မစမီ၊ ပြုလုပ်နေစဉ်အတွင်း နှင့် စစ်ဆင်ရေးအပြီးတွင် စသည့်အဆင့်တို့တွင် စောင့်ကြည့်ထိန်းကျောင်းမှုကို မည်သို့လုပ်ဆောင်နိုင်သည်ကို ရှင်းပြထားသည်။

## ထောက်လှမ်းရေးအပေါ် ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုကို မည်သို့ဆောင်ရွက်သနည်း။

ထောက်လှမ်းရေးဌာနများအပေါ် စောင့်ကြည့်ထိန်းကျောင်းမှုသည် ၎င်းတို့၏စွမ်းဆောင်ရည်၊ ဖြောင့်မတ်မှန်ကန်မှုနှင့် ဥပဒေအားလိုက်နာမှုအပြင် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဌာနတွင်းတို့မှ ထိန်းချုပ်မှု နှစ်ခုလုံး၏ အရည်အသွေးကို အကဲဖြတ်သည်။

ထောက်လှမ်းရေးဌာနအပေါ် စောင့်ကြည့်ထိန်းကျောင်းမှုတွင် ရှိနေသော မေးစရာ အဓိကမေးခွန်းများမှာ -

- ထောက်လှမ်းရေးအရာရှိများသည် ၎င်းတို့၏လုပ်ပိုင်ခွင့်တာဝန်နှင့် တရားဥပဒေစိုးမိုးရေးဘောင်အတွင်း ဆောင်ရွက်လုပ်ကိုင်ခြင်းရှိပါသလား။
- ၎င်းတို့၏ လုပ်ပိုင်ခွင့်တာဝန်များကို ဖြည့်ဆည်းရန် လုံလောက်သော ဥပဒေအရအခွင့်အာဏာများ၊ ဘတ်ဂျက်နှင့် ဝန်ထမ်းပုဂ္ဂိုလ်များ ရှိပါသလား။
- ထောက်လှမ်းရေး လုပ်ဆောင်ချက် သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုခုမှ မည်သည့်ပြဿနာများ ပေါ်ပေါက်လာသနည်း။
- နိုင်ငံရေးခေါင်းဆောင်များသည် ထောက်လှမ်းရေးဌာနများကို အလွဲသုံးစားလုပ်ခဲ့ပါသလား။
- ထောက်လှမ်းရေး ကျွမ်းကျင်ပညာရှင်များသည် ဘက်မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျသော လေ့လာဆန်းစစ်မှုကို ပံ့ပိုးပေးပါသလား သို့မဟုတ် ၎င်းတို့၏ လေ့လာဆန်းစစ်မှုသည် နိုင်ငံရေးသွတ်သွင်းထားမှု ရှိနေပါသလား။

**ပုံ ၁ ထောက်လှမ်းရေး စစ်ဆင်ရေးတစ်ခု မစမီ၊ ပြုလုပ်နေစဉ်အတွင်းနှင့် စစ်ဆင်ရေးအပြီးတွင် စသည့်အဆင့်တို့တွင် စောင့်ကြည့်ထိန်းကျောင်းမှုကို လုပ်ဆောင်နိုင်ပါသည်**

**လုပ်ငန်းမစမီ စောင့်ကြည့်ထိန်းကျောင်း**
- စစ်ဆင်ရေးတစ်ခုမပြုလုပ်မီ ဖြစ်ပွား
- ဥပဒေမူဘောင်ကို သတ်မှတ်ပေးခြင်း၊ ဘတ်ဂျက် ဖန်တီးခြင်းနှင့် အတည်ပြုပေးခြင်းနှင့် အထူးအစီအမံများကို တရားဝင်ခွင့် ပြုပေးပါသည်။


**ဆောင်ရွက်နေစဉ် စောင့်ကြည့်ထိန်းကျောင်း**
- စစ်ဆင်ရေး ပြုလုပ်ဆောင်ရွက်နေစဉ်အတွင်း ဖြစ်ပေါ်ပါသည်။
- လုပ်ငန်းတည်နေရာအတွင်း စစ်ဆေးမှုဆောင်ရွက်ခြင်း၊ အချိန်အခါအလိုက် ကြားနာမှုများ ပြုလုပ်ခြင်း၊ ထောက်လှမ်းရေးလုပ်ငန်းများကို ပုံမှန်အစီရင်ခံခြင်းနှင့် အထူးအစီအမံများကို အချိန်အခါအလိုက် ပြန်လည်သုံးသပ်ခြင်းတို့ ပါဝင်နိုင်သည်။

**လုပ်ငန်းပြီး စောင့်ကြည့်ထိန်းကျောင်း**
- စစ်ဆင်ရေး အပြီးတွင် ဖြစ်ပေါ်ပါသည်။
- တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အမှားအယွင်းတစ်စုံတစ်ရာ လုပ်ခဲ့ခြင်းရှိမရှိကို ဆုံးဖြတ်ရန်အတွက် အကြောင်းအရာအလိုက်၊ ကိစ္စရပ်အလိုက်၊ အသုံးစရိတ်ဆိုင်ရာနှင့် နှစ်စဉ်အလိုက် စသည့်သုံးသပ်ချက်များကို အသုံးပြုပါသည်။

**အမျိုးမျိုးသော အစိုးရစနစ်များသည် ထောက်လှမ်းရေးကို နည်းအမျိုးမျိုးဖြင့် စောင့်ကြည့်ထိန်းကျောင်းပါသည်။** ပြင်ပမှ စောင့်ကြည့်ထိန်းကျောင်းမှုတွင် အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင် စသည်တို့ ပုံမှန်အားဖြင့် ပါဝင်ပါသည် (သက်ဆိုင်ရာ လွှတ်တော်နှင့် စောင့်ကြည့်ထိန်းကျောင်းမှုလုပ်သည့် အထူးပြု အဖွဲ့များနှင့်အတူ)၊ ထို့အပြင် အဖွဲ့အတွင်းစည်းဝိုင်းမှ ထိန်းချုပ်ပေးသူများဖြစ်သည့် ထောက်လှမ်းရေးဌာနများ၏ အကြီးတန်းစီမံခန့်ခွဲသူများ ပါဝင်ပါသည်။ အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများသည် အများသူဌာဆိုင်ရာ သို့မဟုတ် အလွတ်သဘော စောင့်ကြည့်ထိန်းကျောင်းမှုကို ယေဘုယျအားဖြင့် အာမခံပေးပြီး၊ သီးခြားလွတ်လပ်သော စောင့်ကြည့်ထိန်းကျောင်းမှုကို တိုင်တန်းမှု စုံစမ်းစစ်ဆေးရေး အဖွဲ့အစည်းများနှင့် စာရင်းစစ်/စစ်ဆေးရေးဆိုင်ရာ အမြင့်ဆုံး အဖွဲ့အစည်းများက လုပ်ဆောင်နိုင်သည်။ ပုံ ၂ က ထောက်လှမ်းရေးကို စောင့်ကြည့်ထိန်းကျောင်းရေးအတွက် ဖွဲ့စည်းပုံ သဏ္ဍာန်ပုံစံကို ဖော်ပြပေးသည်။

▶ **ထိန်းချုပ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းမှု - ဆင်တူသော်လည်း ကွဲပြားမှုရှိ** ထိန်းချုပ်မှုသည် အဖွဲ့အစည်းတစ်ခု၏ မူဝါဒများနှင့် လုပ်ဆောင်ချက်များကို ညွှန်ကြားရန် အခွင့်အာဏာကိုဆိုလိုသည်၊ ဥပမာ၊ အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းလည်ပတ်လုပ်ဆောင်ပုံကို သတ်မှတ်ပေးသည့် စည်းမျဉ်းများ၊ ဥပဒေစုများ သို့မဟုတ် မူဝါဒများ ပြုလုပ်ပေးခြင်းအားဖြင့် ဖြစ်သည်။ စောင့်ကြည့်ထိန်းကျောင်းမှု ဆိုသည်မှာ စည်းမျဉ်းများနှင့် ဥပဒေများကို လိုက်နာခြင်းရှိမရှိနှင့် ဥပဒေစုများနှင့် မူဝါဒများကို ကျင့်သုံးခြင်းရှိမရှိ စသည်တို့ကို စစ်ဆေးအတည်ပြုခြင်း ဖြစ်သည်။ ထိန်းချုပ်မှုသည် အများအားဖြင့် အုပ်ချုပ်မှုမဏ္ဍိုင်၏ တာဝန်ဖြစ်သော်လည်း စောင့်ကြည့်ထိန်းကျောင်းမှုကို အမျိုးမျိုးသော အဖွဲ့အစည်း/ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများစွာက ဆောင်ရွက်နိုင်ပါသည်။ သို့ရာတွင်၊ အစိုးရအားလုံးက ထိုဝေါဟာရနှစ်ခုကြားတွင် ရှင်းရှင်းလင်းလင်း ပိုင်းခြားထားသည်မဟုတ်ပါ၊ ထို့ကြောင့်၊ အချို့သော စောင့်ကြည့်ထိန်းကျောင်းရေး အဖွဲ့များသည် သီးသန့်ဖြစ်သည့် ထိန်းချုပ်မှုတာဝန်များကိုလည်း ပိုင်ဆိုင်ထားနိုင်ပြီး ထိန်းချုပ်မှု လုပ်ငန်းများတွင်လည်း စောင့်ကြည့်ထိန်းကျောင်းမှု လုပ်ဆောင်ချက်လည်း ရှိနိုင်ပါသည်။

**ပုံ ၂ ကျယ်ပြန့်များပြားသော နိုင်ငံတော်အဖွဲ့အစည်းများတွင် ထောက်လှမ်းရေးအပေါ် ဒီမိုကရေနည်းကျ စီထိန်းချုပ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းမှုတို့တွင် ပါဝင်ဆောင်ရွက်ရန် အထူးပြုအခန်းကဏ္ဍများရှိသည်။**




**လုံခြုံရေးပိုင်း စစ်ဆေးအတည်ပြုပေးခြင်းများနှင့် သတင်းအချက်အလက် စီးဆင်းမှုကို ထိန်းချုပ်သည့်စနစ်တစ်ခုတို့က ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုစနစ်တစ်ခုအတွင်း အရေးကြီးသော ထိလွယ်ရှလွယ် သတင်းအချက်အလက်များ၏ လုံခြုံရေးကို သေချာစေနိုင်သည်။**


**စောင့်ကြည့်ထိန်းကျောင်းရေး အဖွဲ့များသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်တာဝန်များကို ထိထိရောက်ရောက် ဖြည့်ဆည်းရန်အလို့ငှာ ကြိုတင်ရှိထားရန်လိုအပ်သော အခွင့်အာဏာများနှင့် အရင်းအမြစ်များ ရှိထားရမည်။** ပုံ ၃ သည် ထောက်လှမ်းရေးအပေါ် စောင့်ကြည့်ထိန်းကျောင်းမှုကို ထိရောက်စေသည့် လက်လှမ်းမီမှု၊ သီးခြားလွတ်လပ်မှု၊ လွတ်လပ်စွာဆုံးဖြတ်နိုင်ခွင့်နှင့် အခွင့်အာဏာ စသည်တို့၏ အသွင်အပြင် အင်္ဂါရပ်များကို ဖော်ပြသည်။ စောင့်ကြည့်ထိန်းကျောင်းရေး အဖွဲ့များသည် တရားဝင်လျှို့ဝှက်ထားသော သတင်းအချက်အလက်များကို လက်လှမ်းမီမှု၊ လုံလောက်သော စုံစမ်းစစ်ဆေးရေးဆိုင်ရာ အခွင့်အာဏာများနှင့် မဟာဗျူဟာမြောက် ထောက်လှမ်းရေး အစီအစဉ်များ၊ ဘတ်ဂျက်များနှင့်/သို့မဟုတ် ထိပ်တန်းရာထူးခန့်အပ်မှုများ စသည်တို့ကို ခွင့်ပြုပေးရန် အခွင့်အာဏာများ စသည်တို့ ရှိကိုရှိရမည်ဖြစ်သည်။ စစ်ဆေးမှုပြုခြင်း၊ ကြားနာခြင်းများ၊ အထောက်အထားမှတ်တမ်းအား လေ့လာဆန်းစစ်ခြင်း၊ လူတွေ့ အင်တာဗျူးများပြုလုပ်ခြင်း၊ သက်သေထွက်ဆိုချက်များနှင့် အချက်အလက်ဒေတာဘေ့စ်များသို့ တိုက်ရိုက်ဝင်ရောက်လက်လှမ်းမီခြင်း ကဲ့သို့သော နည်းလမ်းများကို ထိရောက်သော စောင့်ကြည့်ထိန်းကျောင်းမှုပြုလုပ်ရန် လိုအပ်သည်။

## ▶ လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး (SSG) နှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR)

**ကောင်းမွန်သော SSG ၏ အခြေခံမှုများမှာ တာဝန်ခံယူခြင်းရှိမှု၊ ပွင့်လင်းမြင်သာခြင်းရှိမှု၊ တရားဥပဒေ စိုးမိုးမှု၊ ပူးပေါင်းပါဝင်နိုင်မှု၊ အလျှင်အမြန် တုံ့ပြန်ဖြေရှင်းပေးနိုင်မှု၊ ထိရောက်မှုနှင့် မြန်ဆန်သည့်စွမ်းဆောင်ရည်ရှိမှုတို့ ဖြစ်သည်။** ကောင်းမွန်သော SSG သည် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် နိုင်ငံတော်လုံခြုံရေးကဏ္ဍက မည်သို့လုပ်ကိုင်ဆောင်ရွက်သင့်သည့်ဆိုသည့် သတ်မှတ်ထားသည့် စံနှုန်းတစ်ခုဖြစ်သည်။

**ကောင်းမွန်သော SSG ၏ အခြေခံမှုများကို လုံခြုံရေး ဆောင်ရွက်ပေးမှုတွင် ကျင့်သုံးခြင်းသည် SSR ၏ ပန်းတိုင်ဖြစ်သည်။** SSR ဟူသည်မှာ လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းပေးခြင်းကိစ္စတို့ကို ပိုမိုမှန်ကန်ထိရောက်၍ ပိုမိုတာဝန်ခံမှုရှိစေခြင်း အလို့ငှာ ပြုမူရာတွင် ဒီမိုကရေစီကျသည့် အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအားလေးစားလိုက်နာမှု အစရှိသည့် မူဘောင်တစ်ခုအတွင်းမှ ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံနှင့် လူသားတို့လုံခြုံရေးကို တိုးတက်ကောင်းမွန်စေမည့် နိုင်ငံရေးလုပ်ငန်းစဉ်ဖြစ်ကာ နည်းစနစ်ဆန်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ရည်မှန်းချက်ပန်းတိုင်မှာ မှန်ကန်ထိရောက်မှုနှင့် တာဝန်ခံခြင်းရှိမှု နှစ်ခုစလုံးအား တိုးတက်စေရန် ဖြစ်နေသမျှကာလပတ်လုံး SSR သည် ပြည်သူ့လုံခြုံရေးအား ဆောင်ရွက်ပေးခြင်းကဏ္ဍ၏ တစ်စိတ်တစ်ပိုင်းကိုသာဖြစ်စေ သို့မဟုတ် ကဏ္ဍစနစ်တစ်ခုလုံး လည်ပတ်စေသည့် နည်းလမ်းကိုပင်ဖြစ်စေ အဓိကအလေးပေးထားနိုင်ပါသည်။

**ပုံ ၃ ထောက်လှမ်းရေးအပေါ် ဒီမိုကရေစီနည်းကျပြီး ထိရောက်သော စောင့်ကြည့်ထိန်းကျောင်းမှုက စောင့်ကြည့်ထိန်းကျောင်းမှုပြုသူများတွင် ထောက်လှမ်းရေးဌာနများ၏ စွမ်းဆောင်ရည်ကို ယုံကြည်ထိုက်သည့် အကဲဖြတ်မှုပြုလုပ်နိုင်ရန်အတွက် လုပ်ပိုင်ခွင့်တာဝန်နှင့် လုပ်ပိုင်ခွင့်အာဏာ နှစ်ရပ်စလုံးရှိရန် လိုအပ်ပါသည်**




## ထောက်လှမ်းရေးအပေါ် ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုအတွက် ပုံမှန်စိတ်ခေါ်မှုများကား အဘယ်နည်း။

1. **လျှို့ဝှက်ထားမှု** ကြီးမားသော အစိုးရဗျူရိုကရေစီ ယန္တရားကို စီမံခန့်ခွဲခြင်း၊ ထိန်းချုပ်ခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းရေး အလုပ်ကိစ္စတို့မှာ လျှို့ဝှက်အပ်မှုဆိုသည့်ကိစ္စပါဝင်လာသောအခါ ပို၍ရှုပ်ထွေးပါသည်။ သတင်းအချက်အလက် လက်လှမ်းမီရယူခွင့်အတွက် ပြတ်သားသော လုပ်ပိုင်ခွင့်တာဝန်များ ရှိထားသည့် လွတ်လပ်မှုရှိသော်လည်း လက်ချင်းချိတ်ဆက်ထားသော စောင့်ကြည့်ထိန်းကျောင်းမှုဆိုင်ရာ အဖွဲ့အစည်းများက ဤပြဿနာကို ကျော်လွှားရန် ကူညီပေးနိုင်ပါသည်။

2. **ကိုယ်ပိုင်လွတ်လပ်စွာ ဆုံးဖြတ်ပိုင်သည့် အခွင့်အာဏာ** ထောက်လှမ်းရေးဆိုင်ရာ ကျွမ်းကျင် ပညာရှင်များတွင် အများအားဖြင့် သီးခြားလွတ်လပ်သော ဆုံးဖြတ်ချက်များချရန် အခွင့်အာဏာရှိကြပြီး ၎င်းတို့၏လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ထိုသို့သော ဆုံးဖြတ်ချက်များစွာကို ချကြသည်။ ထိုကဲ့သို့ ကိုယ်ပိုင်လွတ်လပ်စွာ ဆုံးဖြတ်မှုများအပေါ် ထိရောက်သော စောင့်ကြည့်ထိန်းကျောင်းရေးကို လုပ်ဆောင်ရန်မှာ အချိန်ယူရပြီး ခက်ခဲမှုရှိပါသည်။ အမှီအခိုကင်းသော ဆုံးဖြတ်ချက်များချရာတွင် တတ်နိုင်သမျှ ကျိုးကြောင်းညီညွတ်မှုကို သေချာစေရန် ထောက်လှမ်းရေးဝန်ဆောင်မှုများ၏ အဆင့်တိုင်းတွင် ကျား-မ တန်းတူညီမျှရေးအပါအဝင်ဖြစ်သော ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို လေးစားလိုက်နာမှုအပေါ် အခြေခံသည့် လုပ်ငန်းပိုင်းပညာရပ်ကျွမ်းကျင်မှုရှိရမည်ဆိုသည့် ယဉ်ကျေးမှုကို စီမံခန့်ခွဲရေးအဖွဲ့က အသက်သွင်းပေးရန် အရေးကြီးပါသည်။

3. **နိုင်ငံရေးအပိုင်း၏ ဆန္ဒရှိမှု** ထောက်လှမ်းရေးဌာနများနှင့်ပတ်သက်လျှင် လျှို့ဝှက်မှုထားရှိရန် လိုအပ်သောကြောင့် (SSR နောက်ခံအကြောင်းအရာလက်စွဲ၊ "ထောက်လှမ်းရေးဌာနများ" ကိုကြည့်ပါ)၊ ထောက်လှမ်းရေးဌာနများက တာဝန်ခံယူမှုပြသစေရန် ပြုလုပ်ခြင်းကိစ္စမှာ မဲအနိုင်ရရန်အတွက် အသုံးဝင်မည်မဟုတ်ပေ။ ဆိုလိုသည်မှာ ရွေးကောက်ခံကိုယ်စားလှယ်များသည် ဥပဒေပြုရေးမဏ္ဍိုင် သို့မဟုတ် အုပ်ချုပ်ရေးမဏ္ဍိုင်မှတစ်ဆင့် ထောက်လှမ်းရေးအပေါ် စောင့်ကြည့်ထိန်းကျောင်းမှုပြုလုပ်ရန် ၎င်းတို့၏အချိန်များကို မြှုပ်နှံရန် မက်လုံးများ မရှိခြင်းပင်ဖြစ်သည်။ "ယုံကြည်နိုင်လောက်သော ငြင်းဆိုမှုကို" ကိုင်စွဲထားခြင်းအားဖြင့် နိုင်ငံရေး ဆုံးဖြတ်ချက်ချမှတ်သူများသည် အချို့သော သီးခြား ဆုံးဖြတ်ချက်များ၏ အကျိုးဆက်များမှ မိမိတို့ကိုယ်ကို ကာကွယ်ရန် ပို၍နှစ်သက်နိုင်သည်။ စောင့်ကြည့်ထိန်းကျောင်းရေး ယန္တရားများသည် ချမှတ်လိုက်သော ဆုံးဖြတ်ချက်များအတွက် နိုင်ငံရေးအရ မည်သူသည်

တာဝန်ရှိသူဖြစ်ကြောင်း ရှင်းလင်းမှုရှိစေခြင်းဖြင့် ထောက်လှမ်းရေးဌာနများအား ဤကဲ့သို့သော နိုင်ငံရေးခြယ်လှယ်မှုမှ ကာကွယ်ပေးနိုင်သည်။

4. **ခြိမ်းခြောက်မှုအပေါ် ချဲ့ကားထားသော သဘောထားအမြင်** ခြိမ်းခြောက်မှုအပေါ် အချိုးအစားမညီသော လုပ်ရပ်များကိုသော်လည်းကောင်းနှင့် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာနှင့် တရားဥပဒေစိုးမိုးမှုဆိုင်ရာ အခြေခံမှုများကို ထိခိုက်စေသည့် လုပ်ရပ်များကိုသော်လည်းကောင်း ဖြေရှင်းချက်ပေးရန် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်မှုရှိနေသည်ဟူသော (ထင်မြင်)ယူဆချက်များကို အသုံးပြုနိုင်သည်။ ထောက်လှမ်းရေးဆိုင်ရာ လေ့လာဆန်းစစ်ခြင်းက အမျိုးသားလုံခြုံရေးအား ခြိမ်းခြောက်မှုအန္တရာယ်ကို ပိုတွက်ခြင်း သို့မဟုတ် လျှော့မတွက်ကြောင်း သေချာစေရန်အတွက် မြင့်မားသော လုပ်ငန်းပိုင်းပညာရပ်ကျွမ်းကျင်မှု၊ နိုင်ငံရေးမှ လွတ်ကင်းမှုနှင့် ထိရောက်သော စောင့်ကြည့်ထိန်းကျောင်းမှုတို့ကို လိုအပ်ပါသည်။

5. **နိုင်ငံတကာသို့ တက်လှမ်းခြင်း** နိုင်ငံတကာ ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတွင်းအဆင့် ထိန်းချုပ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းရေးဆိုင်ရာ စနစ်များက လက်လှမ်းမမီသော အတိုင်းအတာထက် အမျိုးသား ထောက်လှမ်းရေးဌာနများ၏ အခွင့်အာဏာများနှင့် လုပ်ဆောင်ချက်များကို ကျော်လွန်ရောက်ရှိစေပါသည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုံလောက်သော အချက်အလက်များ မရရှိနိုင်သောအခါ သို့မဟုတ် စောင့်ကြည့်ထိန်းကျောင်းရေး အာဏာများသည် နိုင်ငံအဆင့် စီရင်ဆောင်ရွက်ပိုင်ခွင့်ကို မကျော်လွန်ပါက ပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၏ အတိုင်းအတာ နယ်ပယ်နှင့် သဘောသဘာဝကို သတ်မှတ်ထားခြင်းသည် အလွဲသုံးစားမှုများကို တားဆီးနိုင်ပြီး အမျိုးသားထောက်လှမ်းရေးဌာနများအပေါ် ယုံကြည်စိတ်ချရမှုကို အားကောင်းလာစေနိုင်သည်။

6. **နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ** ထောက်လှမ်းရေးလုပ်ငန်းတွင်အသုံးပြုသည့်နည်းပညာသည် ထောက်လှမ်းရေးအပေါ် စောင့်ကြည့်ထိန်းကျောင်းမှုနှင့် ထိန်းချုပ်မှုအတွက်ထားရှိသော လုပ်ပိုင်ခွင့်တာဝန်များနှင့် အခွင့်အာဏာများထက် ပိုမိုလျင်မြန်စွာ တိုးတက်လာနိုင်ပြီး တာဝန်ခံမှုအပိုင်းတွင် လစ်ဟာမှုကို ဖြစ်စေသည်။ နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများသည် စောင့်ကြည့်ထိန်းကျောင်းရေး အဖွဲ့များအား အရေးကြီးသော သတင်းအချက်အလက်များကို ပေးစွမ်းနိုင်သော်လည်း ဥပဒေပြုလွှတ်တော်များသည် အဆိုပါ အပြောင်းအလဲများကို ဥပဒေမူဘောင်များက ရင်ဘောင်တန်းနိုင်စေရေး ဆောင်ရွက်ထားရှိရန်လိုအပ်ပါသည်။

**▶ အသွင်ကူးပြောင်းရေး အခင်းအကျင်းများတွင်ရှိသော စောင့်ကြည့်ထိန်းကျောင်းမှုဆိုင်ရာနှင့် ထိန်းချုပ်မှုဆိုင်ရာ စိန်ခေါ်မှုများ** ထောက်လှမ်းရေးဌာနများသည် များသောအားဖြင့် အာဏာရှင် သို့မဟုတ် အကြွင်းမဲ့ အာဏာရှင်အစိုးရများကို သက်ဆိုးရှည်စေရာတွင် အဓိကကျသော အစိတ်အပိုင်းဖြစ်ရာ၊ ဆိုလိုသည်မှာ ဒီမိုကရေစီနိုင်ငံသစ်များဆီသို့ ကူးပြောင်းသည့်အခါ အထူးစိန်ခေါ်မှုများ ဖြစ်ပေါ်လာနိုင်စေပါသည်-

- ယခင်အာဏာရှင်အစိုးရလက်ထက်က စုဆောင်းထားသော သတင်းအချက်အလက်များကို အနိုင်ပိုင်းငွေတောင်းခြင်း၊ ခြိမ်းခြောက် ငွေညှစ်ခြင်း သို့မဟုတ် နိုင်ငံရေးအရ ခြယ်လှယ်ခြင်း စသည်တို့အတွက် အသုံးပြုနိုင်သည်။
- အတိတ်က အလွဲသုံးစားမှုများအတွက် တရားမျှတမှုကို ရှာဖွေခြင်းသည် နိုင်ငံရေး အသွင်ကူးပြောင်းခြင်းကို အချိန်ဆွဲရန် ဩဇာအာဏာရှိသူများ၏ အကျိုးစီးပွားများအတွက် လှုံ့ဆော်မှုတစ်ခုဖြစ်နိုင်ပေသည်။
- ယခင်အလွဲသုံးစားမှုများအတွက် ပြစ်ဒဏ်မှကင်းလွတ်ခွင့်ပေးခြင်းသည် နိုင်ငံရေးအဖွဲ့အစည်းအသစ်များကို ထိခိုက်စေနိုင်သည်။
- အသွင်ကူးပြောင်းစနိုင်ငံများတွင် အစိုးရအရာရှိများ၊ ရွေးကောက်ခံကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများတွင် ထောက်လှမ်းရေးကို စိစစ်ရန်အတွက် အရင်းအမြစ်စွမ်းဆောင်ရည် အားနည်းခြင်း သို့မဟုတ် ဆန္ဒမရှိခြင်း ဖြစ်နိုင်သည်။
- ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုနှင့် ထိန်းချုပ်မှုဆိုင်ရာ ဥပဒေမူဘောင်မရှိခြင်း၊ ဌာနများ အပိုင်းပိုင်းကွဲထွက်နေခြင်းနှင့် ထောက်လှမ်းရေးဌာနများ၏ ကျယ်ပြန့်သော လုပ်ပိုင်ခွင့်တာဝန်များ စသည်တို့သည် စောင့်ကြည့်ထိန်းကျောင်းမှုပြုလုပ်ရန်အတွက် ခက်ခဲစေသည်။

ဤအကြောင်းများအားလုံးကြောင့်၊ အသွင်ကူးပြောင်းမှု အခင်းအကျင်းများတွင် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR) မှ ထောက်လှမ်းရေးဌာနများကို ချန်လှပ်ထားခြင်းက နိုင်ငံတော်နှင့် လူသားလုံခြုံရေးကို ထိခိုက်စေနိုင်သည်။

## ထောက်လှမ်းရေးကိစ္စအပေါ် ဌာနတွင်းထိန်းချုပ်မှုသည် ကောင်းမွန်သော အုပ်ချုပ်ရေးကို မည်သို့အထောက်အကူပြုသနည်း။

ဌာနတွင်းထိန်းချုပ်မှုသည် **ဝန်ထမ်းများအနေဖြင့် ကျား-မ တန်းတူညီမျှရေး အပါအဝင်ဖြစ်သော ဥပဒေနှင့်အညီ လူ့အခွင့်အရေးအား လေးစားလိုက်နာခြင်း** (ကောင်းမွန်သော အုပ်ချုပ်ရေး၏ အဓိက မဏ္ဍိုင်များဖြစ်) **အားဖြင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာ၏ ဘောင်အကန့်အသတ်အတွင်း လုပ်ငန်းပိုင်းပညာရပ်ကျွမ်းကျင်မှုနှင့်အတူ ထိထိရောက်ရောက်ဖြင့် တာဝန်ထမ်းဆောင်ကြောင်း သေချာမှုရှိစေရန်အတွက် ဌာနတွင်းထိန်းချုပ်မှုက စည်းမျဉ်းများနှင့် လုပ်ငန်းစဉ်များကို ပံ့ပိုးပေးပါသည်။**

ထိရောက်သော စီမံခန့်ခွဲမှုမှတဆင့် ဌာနတွင်းထိန်းချုပ်မှုက လုပ်ငန်းလည်ပတ်ရာတွင် -

- ထောက်လှမ်းရေးလုပ်ငန်းဆောင်တာများအားလုံးအပေါ်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်အပေါ် တာဝန်ပေးအပ်ခြင်း၊ အစီရင်ခံခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း၊
- ထောက်လှမ်းရေးဝန်ထမ်းများအတွက် လမ်းညွှန်ချက်ထုတ်ပေးပြီး ကျင့်ဝတ်များ၊ စည်းမျဉ်းများ၊ ဥပဒေစံနှုန်းများနှင့် လုပ်ငန်းပိုင်းပညာရပ်ကျွမ်းကျင်မှုဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာမှုရှိစေခြင်း၊
- အသေးအဖွဲချိုးဖောက်မှုများကို ဖော်ထုတ်ပြီး ပြုပြင်ပေးကာ ကြီးကြီးမားမားချိုးဖောက်မှုများကို တရားစီရင်ရေးစနစ်မှ သို့မဟုတ် စောင့်ကြည့်ထိန်းကျောင်းမှုဆိုင်ရာ အဆင့်မြင့်အဖွဲ့အစည်းများမှ သင့်လျော်သလို ကိုင်တွယ်ဖြေရှင်းကြောင်း သေချာစေပါသည်။

**လုပ်ငန်းပိုင်းပညာရပ်ကျွမ်းကျင်မှုဆိုင်ရာ ကျင့်ဝတ်များ၏ မြင့်မားသောစံနှုန်းများအတွက် အခိုင်အမာ တစ်စိုက်စိုက်မတ်မတ်ပြုလုပ်ခြင်းသည် ထောက်လှမ်းရေးဌာနများတွင် တာဝန်ခံမှုပြသခြင်းအတွက် အထိရောက်ဆုံး ပုံမှန် ယန္တရားများထဲမှ တစ်ခုဖြစ်သည်။**

## ထောက်လှမ်းရေးကိစ္စအပေါ် အစိုးရမဏ္ဍိုင်၏ ထိန်းချုပ်မှုသည် ကောင်းမွန်သော အုပ်ချုပ်ရေးကို မည်သို့အထောက်အကူပြုသနည်း။

ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်ရေးမဏ္ဍိုင်တွင် ထောက်လှမ်းရေးအပေါ် အဓိကထိန်းချုပ်ရမည့် တာဝန်နှစ်ခုရှိသည်။

- ထောက်လှမ်းရေးဌာနများအတွက် ဘက်စုံဖြစ်သော မူဝါဒများ၊ ဦးစားပေးများနှင့် ဘတ်ဂျက်များကို ချမှတ်ရန်၊ ထိလွယ်ရှလွယ်သော စစ်ဆင်ရေးလုပ်ငန်းများကို ခွင့်ပြုပေးရန်နှင့် သံသယဖြစ်ဖွယ် မှားယွင်းစွာဆောင်ရွက်မှုကိစ္စများတွင် စုံစမ်းမေးမြန်းမှုများကို စတင်လုပ်ဆောင်ရန် **လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်** တစ်ရပ်။ အမျိုးသားလုံခြုံရေးမူဝါဒ၏ ကြီးမားသောဘောင်အတွင်း အမျိုးသားလုံခြုံရေးအတွက် ပါဝင်ဆောင်ရွက်ပေးရန် ထောက်လှမ်းရေးဌာနများသည် အရင်းအမြစ်စွမ်းဆောင်ရည်ကောင်းစွာတပ်ဆင်ထားကြောင်းလည်း အုပ်ချုပ်ရေးမဏ္ဍိုင်က သေချာစေရပါသည်။
- ထောက်လှမ်းရေးဌာနများ၏ ထိရောက်မှု၊ တာဝန်ခံမှုနှင့် ဥပဒေအရပြုမူဆောင်ရွက်မှုကို သေချာစေရန် လွှတ်တော်နှင့် ပြည်သူလူထုတို့ထံ **နိုင်ငံရေးပိုင်းဆိုင်ရာ တာဝန်** တစ်ရပ်။

ဤတာဝန်နှစ်ခုလုံးသည် ကောင်းမွန်သော အုပ်ချုပ်ရေး၏ အဓိက အစိတ်အပိုင်းများဖြစ်သည်။

**အုပ်ချုပ်ရေးမဏ္ဍိုင်၏ ထိန်းချုပ်မှုကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ကျင့်သုံးနိုင်သည်။** စစ်တပ် သို့မဟုတ် ဥပဒေကြိုးမတ်လိုက်နာစေရေး အေဂျင်စီများကဲ့သို့သော အဖွဲ့အစည်းများအတွင်း တည်ရှိသော ထောက်လှမ်းရေးလုပ်ငန်းများကို ကာကွယ်ရေး၊ တရားရေး သို့မဟုတ် ပြည်ထဲရေးကဲ့သို့သော ကဏ္ဍအလိုက် ဝန်ကြီးဌာနများ သို့မဟုတ် ဌာနများက ကြီးကြပ်လေ့ရှိသည်။ ကိုယ်ပိုင်အုပ်ချုပ်လည်ပတ်သော ထောက်လှမ်းရေးဌာနများသည် သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်ရုံး သို့မဟုတ် အမျိုးသားလုံခြုံရေးအကြံပေးဘုတ်အဖွဲ့ကဲ့သို့သော အုပ်ချုပ်ရေးမဏ္ဍိုင်၏ ပူးတွဲအဖွဲ့ စသည်တို့မှတစ်ဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ တိုက်ရိုက်ထိန်းချုပ်မှုအောက်တွင် ကျရောက်လေ့ရှိသည်။ (SSR နောက်ခံအကြောင်းအရာလက်စွဲ၊ "ထောက်လှမ်းရေးဌာနများ" က ဖွဲ့စည်း စီစဉ်ထားမှုအမျိုးမျိုးကို တင်ပြသည်)။

**ထိန်းချုပ်မှုနှင့် လုပ်ငန်းပိုင်းအရ ကိုယ်ပိုင်အုပ်ချုပ်လည်ပတ်မှုအကြား ဟန်ချက်ညီမှုကို ရှာဖွေခြင်းသည် ထောက်လှမ်းရေးဌာနများ၏ ထိရောက်မှုနှင့် တာဝန်ခံမှုနှစ်ခုစလုံးအတွက် အဓိကသော့ချက်ဖြစ်သည်။** တစ်ဖက်တွင်၊ ထောက်လှမ်းရေးဌာနများသည် လွန်ကဲသော နိုင်ငံရေးသြဇာလွှမ်းမိုးမှုမှကာကွယ်ရန် အုပ်ချုပ်ရေးမဏ္ဍိုင်၏ ထိန်းချုပ်မှုမှ လွတ်ကင်းသည့် လုံလောက်သောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိသင့်ပြီး လွတ်လပ်သော ဦးတည်ရည်မှန်းချက်ဆိုင်ရာ လေ့လာဆန်းစစ်မှုကို အာမခံနိုင်ရန်ဖြစ်သည်။ အခြားတစ်ဖက်တွင်၊ အတော်အတန် ကိုယ်ပိုင်အုပ်ချုပ်လည်ပတ်နိုင်သော ထောက်လှမ်းရေးဌာနများပင်လျှင် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး နိုင်ငံတော် သို့မဟုတ် ယင်း၏လူထုအတွက် ခြိမ်းခြောက်မှုဖြစ်မသွားစေရန် အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ဆက်ရှိနေရမည်ဖြစ်သည်။

## ထောက်လှမ်းရေးအပေါ် ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုအတွင်း လွှတ်တော်သည် မည်သည့် အခန်းကဏ္ဍမှ ပါဝင်သနည်း။

**ထောက်လှမ်းရေးဌာနများ လုပ်ငန်းလည်ပတ်လုပ်ဆောင်ရသည့် ဥပဒေမူဘောင်ကို လွှတ်တော်က ချမှတ်ခြင်းဖြစ်ကာ ယင်းဌာနများ၏ စောင့်ထိန်းလိုက်နာမှုကို လွှတ်တော်က စောင့်ကြည့်ပါသည်။** ထောက်လှမ်းရေးလုပ်ငန်းများသည် တရားဥပဒေနှင့်ညီမညီနှင့် ထိရောက်မှုရှိမရှိ လွှတ်တော်က ဆုံးဖြတ်နိုင်သည်။ ယေဘုယျအားဖြင့် လွှတ်တော်က ထောက်လှမ်းရေးဘတ်ဂျက်ကို ထိန်းချုပ်ခြင်းမှတစ်ဆင့် စီမံခန့်ခွဲရေးအလေ့အထများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုများကို စောင့်ကြည့်ထိန်း

ကျောင်းပါသည်။ အချို့နိုင်ငံများတွင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို လွှတ်တော်ထံ အသိပေးရမည် သို့မဟုတ် ထိုကိစ္စရပ်တို့အား လွှတ်တော်က ခွင့်ပြုပေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဆိုသည့် အခန်းကဏ္ဍတစ်ခုပင် လွှတ်တော်တွင် ရှိနေနိုင်ပါသည်။ ထိုသို့သောလုပ်ထုံးလုပ်နည်းများသည် နိုင်ငံရေးအပိုင်းမှ အာဏာပိုင်များ၏ အလွဲသုံးစားလုပ်မှုမှ ထောက်လှမ်းဌာနများကို ကာကွယ်ပေးနိုင်သည်။

**လွှတ်တော်သည် အထွေထွေ သို့မဟုတ် သီးခြား စောင့်ကြည့်ထိန်းကျောင်းရေးဆိုင်ရာ လုပ်ပိုင်ခွင့်တာဝန်တစ်ခုခုရှိသည့် ကျွမ်းကျင်သူအဖွဲ့များမှတစ်ဆင့် ပြင်ပစောင့်ကြည့်ထိန်းကျောင်းမှုကို ပြုလုပ်ပေးသည်။** အဆိုပါ အဖွဲ့များသည် အမြဲတမ်းအဖွဲ့များဖြစ်ခြင်းက အကောင်းဆုံးဖြစ်သော်လည်း၊ အချို့နိုင်ငံများတွင် အထူးသီးခြား (ad hoc) အဖွဲ့များကို အသုံးပြုပါသည်။ ထောက်လှမ်းရေးဌာနများ၏ လုပ်ငန်းဆောင်တာများနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ ထိန်းချုပ်မှု အရည်အသွေးနှစ်မျိုးလုံးကို လွှတ်တော်၏ စောင့်ကြည့်ထိန်းကျောင်းမှုက သုံးသပ်မှုပြုပါသည်။ ပုံ ၃ တွင်ဖော်ပြထားသော အသွင်းအပြင် အင်္ဂါရပ်အားလုံးသည် ထောက်လှမ်းရေးအပေါ် လွှတ်တော်၏ စောင့်ကြည့်ထိန်းကျောင်းမှုကို ထိရောက်စေရန်အတွက် မရှိမဖြစ်လိုအပ်သည်။

**ဥပဒေမူဘောင်များတွင် ကျား-မ တန်းတူညီမျှမှုဆိုင်ရာ ကတိကဝတ်များလဲ ပါဝင်ကြောင်း သေချာစေရန် လွှတ်တော်တွင် တာဝန်ရှိသည်။** ယင်းတွင် ထောက်လှမ်းရေးဌာနများအတွက်သာမက စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့အစည်းများအတွက် သင့်လျော်သော ဝန်ထမ်းခန့်အပ်ရေးနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များ၊ အဆိုပါအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်မှုကို စောင့်ကြည့်ခြင်း စသည်တို့ ပါဝင်သည်။ **ရည်မှန်းချက်မှာ အမျိုးသား၊ အမျိုးသမီး၊ ယောကျ်ားလေးနှင့် မိန်းကလေးအားလုံး၏ မတူညီသော လုံခြုံရေးလိုအပ်ရာများကို ကိုင်တွယ်ဖြေဆောင်ပေးနေစဉ် ၎င်းတို့၏ လုပ်ငန်းပိုင်းဆိုင်ရာနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ တာဝန်များတွင် လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် ထိရောက်သော၊ အားလုံးပါဝင်နိုင်ပြီး အားလုံးကိုယ်စားပြုနိုင်သည့် အဖွဲ့အစည်းများကို တည်ထောင်ရန်ဖြစ်သည်။**

### ▶ ထောက်လှမ်းရေးအပေါ် ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုဆိုင်ရာ ဥပဒေမူဘောင်၏ အစိတ်အပိုင်းများ

ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုနှင့် ထိန်းချုပ်မှုသည် အောက်ပါတို့ကို သတ်မှတ်ပေးသည့် ဥပဒေမူဘောင်ပေါ်တွင် မူတည်သည် -

- တာဝန်ရှိသော သီးသန့် နယ်ပယ်များထားရှိပေးခြင်းနှင့် ၎င်းတို့အပေါ် ကန့်သတ်ချက်များထားရှိခြင်း အပါအဝင်ဖြစ်သော ထောက်လှမ်းရေးဌာနများအတွက် လုပ်ပိုင်ခွင့်တာဝန်များ၊
- ခွင့်ပြုနိုင်သော၊ ခွင့်ပြုမထားသော နည်းလမ်းများ/လုပ်ငန်းဆောင်တာများနှင့် ယင်းတို့အား အသုံးပြုမှုအပေါ် ချမှတ်ထားသော ကန့်သတ်ချက်များ (အထူးသဖြင့် လူ့အခွင့်အရေးကို အနှောင့်အယှက်ဖြစ်စေမည့် မည်သည့်နည်းလမ်းနှင့် လုပ်ဆောင်မှုမျိုးမဆို)။
- ပြည်တွင်းပြည်ပရှိ ထောက်လှမ်းရေးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုအတွက် ဖွဲ့စည်းမှု ပုံစံများနှင့် လုပ်ထုံး ပုံစံများ၊
- အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်များအပြင် အမှီအခိုကင်းသော အထူးပြုအဖွဲ့များ အပါအဝင်ဖြစ်သော အဖွဲ့အစည်းဌာနများက တာဝန်ခံရမည့် ထိန်းချုပ်ရေးနှင့် စောင့်ကြည့်ထိန်းကျောင်းရေး ယန္တရားများ၊
- တိုင်ကြားမှု၊ အလွဲသုံးစားပြုမှု သို့မဟုတ် အခွင့်အရေးချိုးဖောက်မှုများအတွက် ဥပဒေပိုင်းဆိုင်ရာ အားကိုးအားထားနိုင်သည့် လမ်းကြောင်းစသည်တို့ဖြစ်ပါသည်။

ထောက်လှမ်းရေးအပေါ် စောင့်ကြည့်ထိန်းကျောင်းမှုအတွက် ကောင်းမွန်သော ဥပဒေမူဘောင်တစ်ခု ထူထောင်ခြင်းသည် လွှတ်တော်၏ တာဝန်ဖြစ်သည်၊ ထိုမူဘောင်ကို အကောင်အထည်ဖော်ခြင်းသည် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးစနစ်၏ တာဝန်ဖြစ်သည်။

### ထောက်လှမ်းရေးအပေါ် ထိန်းချုပ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းမှုတွင် တရားရေးစနစ်သည် မည်သို့ပါဝင်ပတ်သက်သနည်း။

တရားစီရင်ရေးကဏ္ဍက ထိန်းချုပ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းမှုက ထောက်လှမ်းရေးဌာနများနှင့် နိုင်ငံရေးအပိုင်းမှ အာဏာပိုင်များ၏ အပြုအမူနှင့် အထူးလုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းအုပ်စိုးသည့် ဥပဒေများကို ၎င်းတို့က လိုက်နာမှုပြုစေရန် သေချာစေသည်။

တရားစီရင်ရေးစနစ်-

- ပုံမှန်မဟုတ်သော ရှာဖွေမှု၊ စောင့်ကြည့်ခြင်း သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းခြင်း **စသည့် အထူးအခွင့်အာဏာများအသုံးပြုမှုကို ခွင့်ပြုပေးပြီး စောင့်ကြည့်ထိန်းကျောင်းသည်**။ ယင်းတွင် ပုံမှန်အားဖြင့် ပါဝင်သည်မှာ လုပ်ငန်းမစခင် ခွင့်ပြုချက်ပေးခြင်း (ဥပမာ၊ ဝရမ်းများမှတစ်ဆင့်)၊ နှင့်/သို့မဟုတ် စုံစမ်းစစ်ဆေးရေး အစီအမံများကို တရားစီရင်ရေးအပိုင်းက ပြန်လည်သုံးသပ်ခြင်း (လုပ်ငန်းဆောင်ရွက်ပြီးနောက်) (ဥပမာ - ၎င်းတို့က ကောက်ချက်ချမှုပြုလုပ်ပြီးနောက်)၊
- **မမှန်မကန်ဆောင်ရွက်မှုဆိုင်ရာ၊ ရာဇဝတ်မှုမြောက်သော လုပ်ဆောင်ချက်ဆိုင်ရာ သို့မဟုတ် ထောက်လှမ်းရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် သတင်းရယူခွင့်ဆိုင်ရာ စသော စွဲချက်များအား စီရင်ဆုံးဖြတ်သည်**။ လျှို့ဝှက်မှုထားရှိရမည့်အရေးကြောင့် အပြစ်ပေးခံရခြင်းမှကင်းလွတ်နေမှုသို့ ဦးတည်သွားခြင်းမရှိကြောင်း သေချာစေရန်၊ တရားစီရင်ရေးဆိုင်ရာ အထူးပြဋ္ဌာန်းချက်များက တရားဝင်လျှို့ဝှက်ထားသော အချက်အလက်များကို ကာကွယ်ပေးနေချိန်တွင်ပင် ဥပဒေအား အသုံးချသက်ရောက်စေကြောင်း သေချာစေနိုင်သည်။ တရားရုံးများသည် သတင်းအချက်အလက်အား လက်လှမ်းမီ/လွတ်လပ်စွာ ရယူခွင့် ဥပဒေများနှင့် တရားဝင်လျှို့ဝှက်ထားရမည့် အချိန်ဇယားများမှတဆင့် အရေးကြီးသော သတင်းအချက်အလက်များကို ရယူသုံးစွဲခွင့်ကိုလည်း စီရင်ဆုံးဖြတ်ပါသည်။ လျှို့ဝှက်သတင်းအချက်အလက်များကို ဥပဒေမဲ့ လှစ်ဟထုတ်ဖော်မှုကြောင်း စွပ်စွဲသည့် အမှုများကိုလည်း တရားရုံးများက ဖြေရှင်းဖြေရှင်းပေးရန် လိုအပ်ပါသည် (ဥပမာ - လျှို့ဝှက်စွာသတင်းပေးသူများကို ဥပဒေက ကာကွယ်ပေးထားသောကြောင့်)၊
- ဥပဒေပြုလွှတ်တော် သို့မဟုတ် အုပ်ချုပ်ရေးမဏ္ဍိုင်က ပြုလုပ်ထားသော ထောက်လှမ်းရေးဆိုင်ရာ ဥပဒေများနှင့် မူဝါဒများအားလုံးကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ကိုက်ညီမှုရှိမရှိ သေချာစေသည့် **တရားစီရင်ရေးဆိုင်ရာ သုံးသပ်မှု** ကို လုပ်ဆောင်သည်၊
- တရားရေးအရာရှိများ (သို့မဟုတ် အငြိမ်းစားတရားစီရင်ရေးအဖွဲ့ဝင်များ) က လွှတ်တော်ဆိုင်ရာ စုံစမ်းစစ်ဆေးရေး ကော်မရှင်များ သို့မဟုတ် စောင့်ကြည့်ထိန်းကျောင်းရေး ကော်မရှင်များသို့ ၎င်းတို့၏ ကျွမ်းကျင်မှုများကို ပံ့ပိုးပေးခြင်းအားဖြင့်သော်လည်းကောင်း သို့တည်းမဟုတ် အုပ်ချုပ်ရေးမဏ္ဍိုင်၏ တောင်းဆိုချက်အရ အတိတ်ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်းအားဖြင့်သော်လည်းကောင်း ၎င်းတို့သည် **လွှတ်တော်ဆိုင်ရာ သို့မဟုတ် အုပ်ချုပ်ရေးမဏ္ဍိုင်ဆိုင်ရာ စောင့်ကြည့်ထိန်းကျောင်းမှုကို ထောက်ကူမှုပေးအပ်**ကြပါသည်။

### ထောက်လှမ်းရေးအပေါ်တွင် အများပြည်သူ၏ စောင့်ကြည့်ထိန်းကျောင်းမှုကို မည်သို့ ကျင့်သုံးနိုင်ပါသနည်း။

လုံခြုံရေးကဏ္ဍ နှင့်/သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို အာရုံစိုက်သည့်အများပြည်သူ အကျိုးစီးပွား ဂျာနယ်လစ်ဇင်၊ ပညာရပ်ဆိုင်ရာနှင့် တတ်သိပညာရှင်များအပြင် ကျယ်ပြန့်သော လူမှုအဖွဲ့အစည်းများသည် ထောက်လှမ်းရေးဆိုင်ရာကိစ္စရပ်များအပေါ် လူထုစောင့်ကြည့်ထိန်းကျောင်းမှုကို ပြုလုပ်ပေးနိုင်ပါသည်။ လူထုက အစိုးရကို နိုင်ငံရေးအရ တိုက်ရိုက်ဖိအားပေး နိုင်သော်လည်း မီဒီယာသည် လူထုသိရှိနားလည်မှု တိုးမြင့်လာရန် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး အရေးကြီးသော အကြောင်းအရာများအပေါ် အစိုးရ၏ အာရုံစိုက်မှုကို ဦးတည်ပေးကာ ထောက်လှမ်းရေးတွင် မှားယွင်းစွာဆောင်ရွက်မှုများကို ဖော်ထုတ်ပြသပေးပါသည်။ အရှုပ်တော်ပုံကျော်စောသတင်းသည် စုံစမ်းစစ်ဆေးမှုဆီသို့ ဦးတည်စေပြီး ထောက်လှမ်းရေး၏ တာဝန်ခံမှုနှင့် ထိရောက်မှုတို့ကို မြှင့်တင်ပေးသည့် ပြုပြင်ပြောင်းလဲမှုကို ဖြစ်ပေါ်စေနိုင်သည်။ **မီဒီယာနှင့် အရပ်ဘက်အဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူလူထုသည် ထောက်လှမ်းရေးဆိုင်ရာအတွက် ဒီမိုကရေစီနည်းကျ တာဝန်ခံမှုကို ပိုမိုတောင်းဆိုနိုင်သည်။ သို့သော်လည်း အများပြည်သူ စောင့်ကြည့်ထိန်းကျောင်းမှု၏ ထိရောက်ခြင်းရှိမှုမှာ ယုံကြည်စိတ်ချရသော သတင်းအချက်အလက်ရရှိမှုအပေါ် မူတည်ပါသည်။**

သတင်းအချက်အလက်အား လျှို့ဝှက်ထားမှုဆိုင်ရာ ဥပဒေစည်းမျဉ်းများသည် တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို ကျိုးကြောင်းဆီလျော်သော လျှို့ဝှက်ချက်ဖြင့် ပေါင်းစည်းနိုင်သည်၊ ဥပမာအားဖြင့် အောက်ပါတို့မှတစ်ဆင့်ဖြစ်သည်-

- အစိုးရမှ ချုပ်ကိုင်ထားသော အချက်အလက်များကို အများသူငှာ လက်လှမ်းမီရယူခွင့်ပေးသော **သတင်းအချက်အလက် လွတ်လပ်ခွင့် ဥပဒေများ**၊
- လျှို့ဝှက်မှုအားဖျက်သိမ်းရန် သတ်မှတ်ထားသော အချိန်ကာလအပိုင်းအခြားအပါအဝင် မည်သည့်အချက်အလက်ကို၊ မည်သည့်အချိန်အခါနှင့် မည်မျှကြာအောင် လျှို့ဝှက်ထားနိုင်သည်ကို ရှင်းလင်းစွာသတ်မှတ်ပေးသည့် **တရားဝင် လျှို့ဝှက်ထားရှိရေးအတွက်အချိန်ဇယားများ**၊
- အဂတိလိုက်စားမှု၊ လုည့်ဖြားမှု သို့မဟုတ် စီမံခန့်ခွဲမှု လွဲမှားမှု ကဲ့သို့သော မှားယွင်းစွာဆောင်ရွက်ကို ဖော်ပြသည့် သတင်းအချက်အလက်များကို အဖွဲ့အစည်းအတွင်းရှိ သို့မဟုတ် ပြင်ပရှိ သတ်မှတ်ထားသော အဖွဲ့အစည်းများထံ လှစ်ဟဖော်ပြရန် (လျှို့ဝှက်ချက်နှင့် နာခံမှုအား ထိန်းသိမ်းရမည်ဆိုသည့် ဝတ္တရားကို ချိုးဖောက်မှုအတွက် ပြစ်ဒဏ်ကို မကြောက်ဘဲ) ထောက်လှမ်းရေးဝန်ထမ်းများအား ခွင့်ပြုပေးသည့်

**လျှို့ဝှက်သတင်းပေးသူများအား အကာအကွယ်ပေးထားမှုများ**။ တစ်ချိန်တည်းမှာပင်၊ ထိုသို့သော လှစ်ဟထုတ်ဖော်မှုများသည် ပိုမိုကျယ်ပြန့်သော ပြည်သူ့အကျိုးစီးပွားကို ထမ်းဆောင်နေသည့်တိုင် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်နိုင်သည်ကို နားလည်ရန် အရေးကြီးပါသည်။

## နောက်ထပ်ဖတ်စရာ

*On the challenges of effective intelligence and its oversight in democracies:*

– Born, Hans and Loch K. Johnson (2005)
**Balancing Operational Efficiency and Democratic Legitimacy**
In Hans Born, Loch K. Johnson and Ian Leigh (Eds.), Who's Watching the Spies: Establishing Intelligence Service Accountability. Dulles, VA: Potomac Books: 225-240.

– Born, Hans and Aidan Wills (Eds.). (2012) **Overseeing Intelligence Services: A Toolkit** Geneva: DCAF.

– Wills, Aidan (2015)
**Democratic and Effective Oversight of National Security Services**
Issue Paper. Strasbourg: Council of Europe.

*On oversight and human rights challenges in intelligence oversight:*

– United Nations (2010)
**Report of the Special Rapporteur on the promotion and protection of human rights and fundamental freedoms while countering terrorism, Martin Scheinin: Compilation of good practices on legal and institutional frameworks and measures that ensure respect for human rights by intelligence agencies while countering terrorism, including on their oversight**
Human Rights Council Resolution A/HRC/14/46.

– Bastick, Megan (2014)
**Integrating Gender into Oversight of the Security Sector by Ombuds Institutions & National Human Rights Institutions**
Geneva: DCAF, OSCE, OSCE/ODIHR.

– Caparini, Martina and Hans Born (Eds). (2013) **Democratic Control of Intelligence Services: Containing Rogue Elephants** Oxford: Routledge.

– Africa, Sandy and Johnny Kwadjo (Eds). (2009) **Changing Intelligence Dynamics in Africa** Birmingham: University of Birmingham Global Facilitation Network for Security Sector Reform (GFN-SSR).

*On the oversight of international intelligence cooperation:*

– Born, Hans, Ian Leigh and Aidan Wills (2015) **Making International Intelligence Cooperation Accountable**
Geneva: DCAF.

– Aldrich, Richard J. (2009)
**Global intelligence co-operation versus accountability: New facets to an old problem** Intelligence and National Security, 24(1): 26-56.

### DCAF ၏ ထပ်ဆင့် အရင်းအမြစ်များ

- DCAF က SSR နှင့်ကောင်းမွန်သော SSG တို့၏ ကဏ္ဍရှုထောင့်အားလုံးအတွက် လက်စွဲသုံးသည့်အရာ (tools) မျိုးစုံ၊ လက်စွဲစာအုပ်များနှင့် လမ်းညွှန်မှု မျိုးစုံကို ထုတ်ဝေသည် - များစွာသော အရင်းအမြစ်များ ကိုလည်း အင်္ဂလိပ်ဘာသာစကားဖြင့်သာမက အခြားဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည် -
  အခမဲ့ download ရယူရန် **www. dcaf.ch**

- DCAF-ISSAT လက်တွေ့ကျင့်သုံးရေး အသိုင်းအဝိုင်း website က SSR လုပ်ငန်းဆောင်ရွက်သူများအတွက် အွန်လိုင်းသင်ယူမှု အရင်းအမြစ်အမျိုးမျိုးကို ဤတွင် http://issat.dcaf.ch ရရှိစေပါသည်

**DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ**သည် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးအား လေးစားလိုက်နာမှုနှင့် ကျား-မ တန်းတူညီမျှရေး စသည့် မူဘောင်အတွင်း နိုင်ငံများနှင့် ယင်းတို့၏ ပြည်သူများ စသည်တို့၏ လုံခြုံရေးကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ အားလုံးပါဝင်ပြီး အားလုံးပူးပေါင်းဆောင်ရွက်သော ပြုပြင်ပြောင်းလဲမှုများအားဖြင့် မိတ်ဖက်နိုင်ငံများအတွင်းရှိ လုံခြုံရေးကဏ္ဍအပေါ် အုပ်ချုပ်မှုပေးရေးကိစ္စကို တိုးတက်ကောင်းမွန်စေရန်အတွက် မိတ်ဖက်နိုင်ငံများနှင့် အဆိုပါမိတ်ဖက်နိုင်ငံများကို ကူညီနေကြသော နိုင်ငံတကာအဖွဲ့အစည်းများကို ပံ့ပိုးကူညီခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုရေရှည်တည်တံ့အောင် ၂၀၀၀ ခုနှစ်တွင် စတင်တည်ထောင်ချိန်မှစ၍ DCAF သည် အထောက်အကူပြုခဲ့ပါသည်။ DCAF သည် ဆန်းသစ်တီထွင်ထားသော အသိပညာထုတ်ကုန်များကို ဖန်တီးပေးကာ စံပြုသတ်မှတ်ချက်များနှင့် အလေ့အကျင့်ကောင်းများကို မြှင့်တင်ပေးပြီး ဥပဒေနှင့် မူဝါဒဆိုင်ရာ အကြံဉာဏ်များကို ပံ့ပိုးပေးလျှက် လုံခြုံရေးကဏ္ဍတွင်းရှိ နိုင်ငံအစိုးရပိုင်နှင့် နိုင်ငံအစိုးရပိုင်မဟုတ်သော ပါဝင်ပတ်သက်သူအဖွဲ့အစည်း နှစ်မျိုးလုံး၏ စွမ်းဆောင်ရည်တည်ဆောက်မှုကို အကူအညီပေးပါသည်။

**DCAF ၏ ကျေးဇူးတင်ရှိမှုအား ဖော်ပြခြင်း**

Ronja Harder အား သုတေသနအား ထည့်ဝင်ကူညီမှု၊ စာပေရေးသား ပေးမှုနှင့် တည်းဖြတ်ပေးမှုအတွက်၊

Jenny Rouse အား အင်္ဂလိပ်ဘာသာအား စိစစ်ပေးမှုအတွက်၊

Florence Lesur အား ပြင်သစ်ဘာသာသို့ ဘာသာပြန်ဆိုပေးမှု အတွက်၊

Géraldine Chantegrel အား ပြင်သစ်ဘာသာအား စိစစ်ပေးမှုအတွက်၊

ထို့ပြင် Petra Gurtner အား အပြင်အဆင်ပုံစံနှင့် ဒီဇိုင်းအတွက်။

**စာစဉ်တွဲများအတွက် အယ်ဒီတာ**

Fairlie Chappuis

**ယခုစာစဉ်အား ကိုးကားရန်**

DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ။ စစ်တပ်ရဲတပ်ဖွဲ့ (Gendarmeries) နှင့် တပ်ဖွဲ့ပုံစံ ရဲတပ်ဖွဲ့။ SSR နောက်ခံအကြောင်းအရာ စာစဉ်အတွဲများ။ Geneva: DCAF, 2019.

© DCAF. SSR နောက်ခံအကြောင်းအရာလက်စွဲများကို www.dcaf.ch တွင်အခမဲ့ရနိုင်သည်။ အသုံးပြုသူများသည် DCAF ကို credit ပေး အသိအမှတ်ပြုပေးပါက ဤစာစဉ်ကို ကူးယူဖြန့်ဝေနိုင်သည်။

စီးပွားဖြစ်အသုံးပြုရန်မဟုတ်ပါ။

DCAF Geneva Centre for Security Sector Governance

DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ

Maison de la Paix

Chemin Eugène-Rigot 2E

CH-1202 Geneva၊ ဆွစ်ဇာလန်နိုင်ငံ

ဖုန်း: +41 22 730 94 00

info@dcaf.ch www.dcaf.ch

Twitter @DCAF_Geneva